ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်

# ၂၀၁၄ ခုနှစ်အတွင်း၌ ASEAN နိုင်ငံအချို့တွင် နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာသောသက်ရောက်မှုများ

## အကျဉ်းချုပ်

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံ့ဝန်ထမ်းများအား လစာတိုးမြှင့်ပေးရန် ဦးဇော်မြင့်ဖေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) က အရေးကြီးအဆိုတစ်ရပ်တင်သွင်းခဲ့ရာ လွှတ်တော်ကယင်းအဆိုကို ကန့်ကွက်သူမရှိအတည်ပြုခဲ့ပါသည်။

နိုင်ငံတော်အစိုးရမှလည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ ငွေကြေးဆိုင်ရာမူဝါဒများဖြင့် အကျိုးသက်ရောက်နိုင်မှုအခြေအနေများကို အသေးစိတ်တွက်ချက် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်အတွင်း၌ ASEAN နိုင်ငံအချို့ရှိအစိုးရများသည် ဝန်ထမ်းများလစာတိုးမြှင့်ရေးအတွက် ရှုထောင့်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခဲ့ပါသည်။

ASEAN နိုင်ငံအချို့တွင် နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ခဲ့ခြင်းကြောင့် နိုင်ငံဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးနှင့်စွမ်းဆောင်ရည်ပိုမိုမြင့်မားလာနိုင်ခြင်း၊ နိုင်ငံဝန်ထမ်းများသည် လုံလောက်သည့် ငွေကြေးရရှိသည့်အတွက် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်နိုင်ခြင်း၊ ဝန်ထမ်းများ၏ ဝယ်နိုင်စွမ်းအားကို တိုးမြှင့်ပေးသောကြောင့် နိုင်ငံ၏စီးပွားရေးကို ပို၍လျှင်မြန်စွာ တိုးတက်လာခြင်း၊ နိုင်ငံတော်အစိုးရများ၏ ရည်မှန်းချက်ဖြစ်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ခြင်း စသည်အတွေ့အကြုံများကို ရရှိခဲ့ပါသည်။

ဤစာတမ်းတို့နှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

**မာတိကာ**


**စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

၁။ နိုင်ငံ့ဂုန်ထမ်းများလစာတိုးမြှင့်မှုအတွက် ဆောင်ရွက်မှုများ..........၃

(က) နိုင်ငံ့ဝန်ထမ်းများအားလစာတိုးမြှင့်မှုနောက်ခံသမိုင်း..........၃

(ခ) ပြည်ထောင်စုလွှတ်တော်၏ဆောင်ရွက်ချက်..........၃

(ဂ) နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ..........၄

(ဃ) နိုင်ငံတော်အစိုးရအားလစာတိုးမြှင့်မှုနှင့်စပ်လျဉ်းသောစိန်ခေါ်မှုများ..........၄

၂။ နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု..........၅

(က) ကမ္ဘောဒီးယားနိုင်ငံ..........၅

(ခ) စင်္ကာပူနိုင်ငံ..........၈

(ဂ) ထိုင်းနိုင်ငံ..........၉

(ဃ) ဗီယက်နမ်နိုင်ငံ..........၁၁

(င) အင်ဒိုနီးရှားနိုင်ငံ..........၁၃

၃။ နိုင်ငံအချို့၏ ပြည်သူ့ဝန်ထမ်းလစာနှင့်ပတ်သက်သော သုံးငွေများကို GDP နှင့် နှိုင်းယှဉ်ဖော်ပြချက်..........၁၃

၄။ နိုင်ငံဂုန်ထမ်းများလစာတိုးမြှင့်မှုနှင့်စပ်လျဉ်းသောပညာရှင်များ၏ ထင်မြင်ချက်များ..........၁၄

(က) ဒေါက်တာမောင်အောင်(အကြံပေး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဂုန်ကြီးဌာန)..........၁၄

(ခ) ဦးစောနိုင်(အသုံးချဘောဂဗေဒ၊စီးပွားရေးပညာရှင်)..........၁၄

(ဂ) ဦးဝင်းအောင်(The Republic Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI)..........၁၅

၅။ နိဂုံး..........၁၅

**နိုင်ငံ့ဂန်ထမ်းများလစာတိုးမြှင့်မှုအတွက် ဆောင်ရွက်မှုများ**

၁။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ့ဂန်ထမ်းများလစာတိုးမြှင့်ရရှိရေးအတွက် အဘက်ဘက်မှ ဝိုင်းဂန်း ဆောင်ရွက်နေကြပါသည်။ ယနေ့အချိန်အထိ လစာတိုးမြှင့်ရေးအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) **နိုင်ငံ့ဝန်ထမ်းများအား လစာတိုးမြှင့်မှုနောက်ခံသမိုင်း။** မြန်မာနိုင်ငံ၌ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ၂၀၁၄ ခုနှစ်အထိ နိုင်ငံတော်အစိုးရအဆက်ဆက် လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏လစာနှုန်းထားများအား ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ရှားပါးစရိတ်ခွင့်ပြုပေးခြင်း၊ ထောက်ပံ့ကြေးခွင့်ပြုပေးခြင်းတို့ကို[1] ၁၃ကြိမ်[2] တိုးမြှင့်ပေးခဲ့ပါသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်၏ဆောင်ရွက်ချက်။** နိုင်ငံ့ဂန်ထမ်းများလစာတိုးမြှင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှအောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(၁) ၂၀၁၅-၂၀၁၆ဘတ်ဂျက်စီမံကိန်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက "လူနေမှုကုန်ကျစရိတ်၏ (၃) ဆကို လစာအဖြစ် ပေးရမည့်တွက်ချက်မှုအရ အနိမ့်ဆုံးနိုင်ငံ့ဂန်ထမ်းတစ်ဦး၏ လစာသည် ၁၂၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ကျပ် အတွင်း ဖြစ်သင့်ကြောင်း " အစိုးရဂန်ကြီးဌာန များသို့ တိုက်တွန်းလိုက်သည်ဟု 7 Day Daily Website တွင် ဖော်ပြထားပါသည်။[3]

(၂) ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂-၁၁-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့် အစည်းအဝေးတွင် ဦးဇော်မြင့်ဖေ (မဲဆန္ဒနယ်အမှတ် ၅၊ မန္တလေးတိုင်းဒေသကြီး) က "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်အောင်မြင်စွာ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် မဖြစ်မနေဆောင်ရွက် ပေးသင့်သည့် နိုင်ငံ့ဝန်ထမ်းများ (တပ်မတော်သားနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များအပါအဝင်)အတွက် ထိုက်သင့်သော လစာ၊ စရိတ်များတိုးမြှင့်သတ်မှတ်

---

1 ထူးထက်အောင် (ဘဏ္ဍာရေး) ၈-၁၂-၂၀၁၄၊ မြဝတီ၊ နိုင်ငံ့ဂန်ထမ်းများလစာတိုးမြှင့်ရေးနှင့်ဆက်စပ်စဉ်းစားစရာများ၊ available formhttp://myawaddy.org/library/stories/storiesforall/item/56136-2014-12-08-15-23-36/[ accessed 1 January 2015]

2 7day news, vol-13,no.42(24-12-2014)၊ အဆိုးဆုံးသံသရာထဲကဂန်ထမ်းလစာ စာမျက်နှာ (၁၃)/[ accessed 2 January 2015]

3 အိဖြူလွင်၊ 7 Day Daily(19-12-2014) နိုင်ငံ့ဂန်ထမ်းများ၏အနိမ့်ဆုံးလစာ ကျပ်နှစ်သိန်းအထိတိုးမြှင့်ပေးရန် သူရဦးရွှေမန်းတိုက်တွန်း available from: http://www.7daydaily.com/story/27328#.VK9S23vkorU/[accessed 1 January 2015]

ပေးရေး ” အရေးကြီးအဆိုတစ်ရပ်တင်သွင်းခဲ့ရာ လွှတ်တော်က ယင်းအဆိုကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါသည်။ [4]

(ဂ) **နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ။** “နိုင်ငံတော်အစိုးရမှလစာတိုးရန်အတွက် အခွန်ငွေပိုမိုတိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေရန်အတွက် ဝန်ကြီးဌာနများအပါအဝင် စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်ထုတ်စွမ်းအားများနှင့်ဝန်ဆောင်မှုကဏ္ဍများ တိုးတက်စေရန်ဆောင်ရွက်လျှက်ရှိပါသည်။ ဝင်ငွေအနေအထားများတိုးတက်လာပြီး ရငွေနှင့်သုံးငွေ ညီညွတ်မျှတနေမှသာလျှင် Balance Budget ဖြစ်ပါမည်။ လစာတိုးမည့် ငွေပမာဏရရှိရန်အတွက် ဆောင်ရွက်ရာတွင် ဆောင်ရွက်သင့်သော စီမံကိန်းများကိုသာ ဆောင်ရွက်ပြီးသုံးငွေလျော့ကျအောင် စီမံရမည်ဖြစ်ပါသည်။ လစာနှုန်းထားများ၊ ငွေကြေးပမာဏများကို အပြန်အလှန်အမျိုးမျိုး အချက်အလက်ပေါင်းစုံ ဆက်စပ်ပြီး အသေးစိတ်တွက်ချက်နေပါသည် ”ဟုဦးဝင်းရှိန် (ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)ကပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့ပါသည်။[5]

(ဃ) **နိုင်ငံတော်အစိုးရအား လစာတိုးမြှင့်မှုနှင့်စပ်လျဉ်းသောစိန်ခေါ်မှုများ။** ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဦးဝင်းရှိန် (ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)ကအောက်ပါအတိုင်းပြောကြားခဲ့ပါသည်-

(၁) လက်ရှိငွေကြေးနှင့်ဒေါ်လာငွေကြေး လဲလှယ်မှုအခြေအနေ၊ ငွေဖောင်းပွမှုနှုန်းထားတို့ကိုသုံးသပ်ပြီး ဈေးကွက်ထဲတွင်ရောက်ရှိနေသည့် လှည့်ပတ်သုံးစွဲငွေပမာဏ၊ တိုးပွားလာနိုင်မည့်အနေအထား၊ ဝန်ထမ်းလစာတိုးပေးလိုက်လျှင် တိုးပွားလာမည့် ငွေကြေးပမာဏနှင့်ဝင်ရောက်သွားမည့်ပမာဏ၊ ဖြစ်ပေါ်လာမည့်အနေအထားများကိုငွေကြေးဖောင်းပွမှုနှင့်အတူဆက်စပ်ပြီးလက်ရှိနိုင်ငံတော်၏ ဝယ်လိုအား ရောင်းလိုအား အနေအထား၊ ကုန်ဈေးနှုန်း ကြီးမြင့်လာမည့် အနေအထားများ၊

---

[4] ရွှေအောင်(နေပြည်တော်)၊ စံတော်ချိန်၊ (၁၃-၁၁-၂၀၁၄)နိုင်ငံ့ဝန်ထမ်းများအားလစာတိုးမြှင့်ပေးရန် ပြည်ထောင်စုလွှတ်တော်တွင်အရေးကြီးအဆိုတင်သွင်းavailable from: http://www.mmstd.com/news/view/3855/?lang=my/[accessed 16 December 2014]

[5] ပြည်ထောင်စုလွှတ်တော် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ရက်နေ့ available from: http://www.myanmarparliament.gov.mm/wp-content/uploads/2014/11/11-Meeting-34-day-press.pdf/[accessed 2 January 2015]

(၂) အခြားသော ပြည်သူ့ဘဏ္ဍာငွေနှင့် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍာရပ်များတွင် စီမံကိန်းနှင့်စပ်လျဉ်းသောတင်ပြမှု၌ မည်သို့မည်ပုံပတ်သက်ပြီး ထိခိုက်လာနိုင်မည်နည်း၊ ယုတ်လျော့သွားနိုင်မည်နည်း စသည့်အချက်များ၊

(၃) အဓိကကျသည်မှာ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်အတူ ပြည်သူလူထုအပေါ်တွင် ထိခိုက်လာနိုင်မည့် အနေအထားများ၊ (ဥပမာ-အစိုးရဝန်ထမ်းမဟုတ်သည့် ပြည်သူလူထုအပိုင်း)

(၄) ယခင်က တိုးပေးခဲ့သည်များနှင့်ပတ်သက်၍ ကုန်ဈေးနှုန်းကြီးမြင့်သဖြင့် ပေးသော်လည်း မရသည့်အချက်များ၊

(၅) လက်ရှိအနေအထားတွင် လိုငွေပြဘတ်ဂျက်ဖြစ်နေပြီး လိုငွေကိုလက်ရှိပြည်တွင်း ကြွေးမြီအနေဖြင့် ကျန်နေခြင်းများ၊ ယခုနှစ်တွင် လိုငွေအနေဖြင့် ရာခိုင်နှုန်းအားဖြင့် ၅ ရာခိုင်နှုန်းကို ဘောင် (Frame) သတ်မှတ်ထားပြီး ထိုအောက်သို့ ရောက်အောင်ထိန်းထားနိုင်သော်လည်း ယခင်နှစ်ပေါင်းများစွာ တင်လာသည့် ကြွေးမြီများသည် မိမိတို့ ဆက်လက်ပေးချေရမည့် အနေအထားဖြစ်နေသည့် အခြေအနေများ၊[6]

**နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု**

၂။ ၂၀၁၄ ခုနှစ်အတွင်း၌ ASEAN နိုင်ငံအချို့၏ နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ရေး ဆောင်ရွက်မှု အတွေ့အကြုံများအား ကိုယ်စားလှယ်များမှလေ့လာနိုင်ရန် အောက်ပါအတိုင်းအချက်အလက်များရှာဖွေ၍တင်ပြထားပါသည်-

(က) **ကမ္ဘောဒီးယားနိုင်ငံ**

(၁) ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇.၂ ရာခိုင်နှုန်းရှိကြောင်းခန့်မှန်းထားသော်လည်း ကန်ဒေါ်လာ ၄၂သန်း ကုန်ကျမည့်ဝန်ထမ်းလစာတိုးမြှင့်သည့်ကိစ္စနှင့်ပတ်သက်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများလျော့ကျသွားနိုင်ပါသည်ဟု ကမ္ဘာ့ဘဏ်မှ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေပါသည်။

[6] Ibid.

(၂) ၂၀၁၄ ခုနှစ် ဧပြီလ၌ ဖနွမ်းပင်တွင်ကျင်းပခဲ့သော ကမ္ဘာ့ဘဏ်၏နှစ်ဝက် အရှေ့အာရှပစိဖိတ်စီးပွားရေးအခြေအနေ ထုတ်ပြန်ချက်တွင် "ဂန်ထမ်းများလစာ တိုးမြှင့်ရေး ဆောင်ရွက်မည်ဆိုပါက အခွန်ရငွေများ တိုးမြှင့်ကောက်ခံနိုင်မှသာ လျှင် လူမှုရေးအသုံးစရိတ်များကိုလျော့ချခြင်း မပြုဘဲ ဆောင်ရွက်နိုင်ပါမည်။ အစိုးရသည် လူသားအရင်းအမြစ်စွမ်းရည်တိုးမြှင့်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၌ တိုးမြှင့်သုံးစွဲရန် လိုအပ်ကြောင်း ၎င်းမှ ပြောကြားပြီး ဖြစ်ပါသည်။ နိုင်ငံ့ဂန်ငွေများကို လစာတိုးမြှင့်ရေးတွင်အသုံးပြုပါက လူမှုရေး အသုံးစရိတ်များ အသုံးပြုနိုင်ရန်ခက်ခဲလိမ့်မည်ဖြစ်ပါသည်"ဟု Mr.Aldaz Carroll (စီးပွားရေးပညာရှင်၊ ကမ္ဘာ့ဘဏ်၏ကမ္ဘောဒီးယားနိုင်ငံတာဂန်ခံ)က ပြောကြား ခဲ့ပါသည်။

(၃) သို့သော်လည်း Mr. Phay Siphan (ဂန်ကြီးများကောင်စီ၏ပြောခွင့်ဆိုခွင့် ရှိသူ)က "နိုင်ငံ့ဂန်ထမ်းများအားလစာတိုးမြှင့်ခြင်းသည် ပညာရေး၊ ကျန်းမာရေး ကဲ့သို့သော အခြားသောကဏ္ဍများကို ထိခိုက်လိမ့်မည် မဟုတ်ကြောင်း၊ နိုင်ငံ့ ဂန်ထမ်းများအား လစာတိုးမြှင့်ရေးအတွက် အခွန်ကောက်ခံ မှုစနစ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ပြောကြားခဲ့ပါသည်။ [7] ဆက်လက်၍ ၎င်းက "အစိုးရအနေဖြင့် ဂန်ထမ်းများ၏အနိမ့်ဆုံးလစာကို ကန် ၂၅၀ ဒေါ်လာထိ တိုးမြှင့်ပေးရန် အခိုင်အမာယုံကြည်ကြောင်း၊ နိုင်ငံ့ဂန်ထမ်းများ၏ဂန်ဆောင်မှု အရည်အသွေးနှင့် ထိရောက်မှုမြင့်မားရန်မှာ ၎င်းတို့၏သင့်တင့်လျှောက်ပတ် သည့် ခံစားခွင့်ရရှိရန် လိုအပ်ကြောင်း၊ လစာတိုးမြှင့်ရေးနှင့်အတူ လုပ်ဆောင် ရာမှာ ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လိုအပ်သလို ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် Budget ဥပဒေကြမ်းနှင့် ၂၀၁၅ခုနှစ် အမျိုးသား ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကြမ်းများကို လာမည့်သတင်းပတ်တွင် လွှတ်တော် သို့ ပေးပို့သွားမည်ဖြစ်ကြောင်း"ပြောကြားခဲ့ပါသည်။ ရွေးကောက်ပွဲမတိုင်ခင် က နိုင်ငံ့ဂန်ထမ်းများ၏အနိမ့်ဆုံးလစာမှာ ကန် ၅၀ ဒေါ်လာခန့်သာရှိပါသည်။

[7] Eddie Morton, phnompenhpost , Civil pay increase questioned , 8 April 2014 , available from: http://www.phnompenhpost.com/business/civil-pay-increase-questioned /[accessed 2 January 2015]

(၄) ကမ္ဘောဒီးယားအစိုးရက နိုင်ငံ့ဝန်ထမ်းလစာကို ကန် ၁၂၅ ဒေါ်လာသို့တိုးမြှင့်ပေးပြီးနောက် ၂၀၁၈ ခုနှစ်တွင် အနည်းဆုံးလစာ ကန် ၂၅၀ ဒေါ်လာထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၄ ခုနှစ်အောက်တိုဘာလတွင် ကြေညာခဲ့ပါသည်။

(၅) Mr. Phay Siphan ၏ Facebook တွင်တင်ထားသောအစိုးရ၏ စာရွက်စာတမ်းများအရ "လစာတိုးမြှင့်ရေးဥပဒေကြမ်းသည် အစိုးရ၏လစာစရိတ်နှင့်ပတ်သက်သည့် အသုံးစရိတ်ကို ယခင်နှစ်က စုစုပေါင်းအသုံးစရိတ် ၄၀ ရာခိုင်နှုန်းရှိရာမှ ၄၈ ရာခိုင်နှုန်းသို့တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ငွေပမာဏသည် GDP ၏ ၆.၄ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ လစာတိုးမြှင့်ရေးကို ဆောင်ရွက်ရန်အတွက် နည်းလမ်းများရှာဖွေရာတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် တာဝန်မထမ်းဆောင်နိုင်သော ဝန်ထမ်းများကို လျှော့ချခြင်းသည် နည်းလမ်းတစ်ခုဖြစ်ကြောင်း" ဖော်ပြထားပါသည်။

(၆) အတိုက်အခံပါတီမှ Mr. Chhay(ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာနှင့်ဘဏ္ဍာရေးကော်မရှင်၊ ပါလီမန်)က "အစိုးရမှပြုပြင်ပြောင်းလဲမှုများကို မှန်မှန်ကန်ကန်ဆောင်ရွက်မည်ဆိုလျှင် ဝန်ထမ်းများအားလစာ ကန် ၂၅၀ ဒေါ်လာထိ တိုးမြှင့်ပေးမည့်ကိစ္စသည် ၂၀၁၈ခုနှစ်အထိစောင့်ဆိုင်းစရာမလိုကြောင်း" ပြောကြားခဲ့ပါသည်။

(၇) "မကြာသေးမီက လစာများတိုးမြှင့်ခဲ့သော်လည်း လစာနှုန်းထားများမှာ လုံလောက်မှုမရှိသောကြောင့် ဝန်ထမ်းများအနေဖြင့် ပြည်သူများကိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်မည်မဟုတ်ပါ။ ဝန်ထမ်းများအနေဖြင့်လုံလောက်သည့်ငွေကြေးရရှိရန်အတွက် လာဘ်စားမှုများကိုဆက်လက် ဆောင်ရွက်နေကြလိမ့်အုံးမည်"ဟု Mr. Rong Chhun (ကမ္ဘောဒီးယားနိုင်ငံ၏လွတ်လပ်သော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း၏အကြီးအကဲ) က ပြောကြားခဲ့ပါသည်။[8]

(၈) "၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ကမ္ဘောဒီးယားအစိုးရသည် ပြည်သူများ၏ လုပ်အားခများ တိုးမြှင့်ရေးအတွက် အခွန်အခများတိုးမြှင့်ခြင်း၊ အခြားသော ဝင်ငွေများ တိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ပြည်သူ့

[8] Kevin Ponniah and Chhay Channyda, phnompenhpost ,Gov't announces wage raise for civil servants ,Fri, 24 October 2014 , available from:
http://www.phnompenhpost.com/post-weekend/gov%E2%80%99t-announces-wage-raise-civil-servants/[accessed 3 January 2015]

ဝန်ထမ်းများနှင့်ပတ်သက်၍လည်း ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင် ရန်လိုအပ်ပါသည်။ ထိုသို့မလုပ်နိုင်ခဲ့လျှင် ကမ္ဘောဒီးယားအစိုးရ၏ ကြွေးမြီလျှော့ချရန်ကြိုးပမ်းမှုမှာနှောင့်နှေးသွားလိမ့်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ အခကြေးငွေသည် GDP ၏ ၅ ရာခိုင်နှုန်းခန့်သာ ရှိသင့်ကြောင်း" IMF (International Monetary Fund) မှ ပြောကြားခဲ့ပါသည်။[9]

(ခ) **စင်္ကာပူနိုင်ငံ**

(၁) ပုဂ္ဂလိကကဏ္ဍရှိဝန်ထမ်းများ၏ လစာငွေများနှင့် ကွာဟမှုမရှိစေရန် အလယ်အလတ်အဆင့်ရှိ ပြည်သူ့ဝန်ထမ်းထောင်ပေါင်းများစွာ၏လစာငွေကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ၅ရာခိုင်နှုန်းခန့် တိုးမြှင့်ပေးလိုက်ပါသည်။

(၂) လစာငွေတိုးမြှင့် ရရှိကြသော အုပ်ချုပ်ရေးအရာရှိများတွင် လစာငွေဒေါ်လာ ၁ သောင်းရရှိသောသူများပါဝင်ကြောင်း Straits Times သတင်းစာတွင် ဖော်ပြထားပါသည်။ ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးဌာန (Public Service Division၊ PSD) ၏ ကြေညာချက်တွင် အငယ်တန်းနှင့်အကြီးတန်း အုပ်ချုပ်ရေးအရာရှိတို့၏လစာငွေသည်ဈေးကွက်နှင့်ကိုက်ညီမှုရှိသောကြောင့် ထည့်သွင်း စဉ်းစားခြင်းမပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

(၃) PSDသည် ပုဂ္ဂလိကကဏ္ဍ၏လစာငွေအချက်အလက်များကိုလေ့လာပြီးအစိုးရ လုပ်ငန်းအချို့၏ လစာများသည် ပုဂ္ဂလိကနှင့် ကွာဟမှုကျဉ်းမြောင်းစေရန်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း ပြောင်းလဲပေးမှုများ ပြုလုပ်ခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းများ၏ လစာများကိုဈေးကွက်နှင့်အညီဖြစ်နေစေရန် နှစ်စဉ်လိုအပ်သည့်အခါတိုင်း ပြန်လည်သုံးသပ်၍အပြောင်းအလဲ လုပ်ပေးလေ့ရှိပါသည်။ ဈေးကွက်အတွင်း ဦးဆောင်ဈေးတိုးပေးသူမဖြစ်စေရန် ၎င်းတို့အနေဖြင့် ဂရုစိုက်ပါသည်။ ဈေးပြိုင်နိုင်သည့် လစာနှုန်းထားများကိုမူ တိုးမြှင့်ပြောင်းလဲပေးလေ့မရှိပါ။ ယခုလအတွက် လစာတိုးမြှင့်ပေးမှုများသည် စာရင်းကိုင်များ၊ ရဲအရာရှိများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် နိုင်ငံခြားရေးဝန်ထမ်းများအကျုံးဝင်ခြင်းမရှိပါ။ မူလက ပြည်ထဲရေးဝန်ထမ်း

[9] Cambodia: Staff Report for the 2013 Article IV Consultation, IMF, 4 February 2014, available from: http://www.imf.org/external/pubs/cat/longres.aspx?sk=41305.0/[accessed 3 January 2015]

များသည် ယခုလတွင် ၅ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းထိလည်းကောင်း၊ သူနာပြုများသည် လာမည့် ၂နှစ် အတွင်း ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ထိလည်းကောင်း လစာတိုးမြင့်ရရှိကြမည်ဟု ကြေညာခဲ့ပါသည်။

(၄) "လစာနှုန်း ၅ ရာခိုင်နှုန်းခန့်တိုးမြှင့်ပေးခြင်းကြောင့် စီမံခန့်ခွဲရေးဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ ၆,၅၀၀ ဦးနှင့် လက်ထောက်အရာရှိ ၅,၃၀၀ ဦးတို့အား အကျိုးရှိစေခဲ့ပါသည်"ဟု Mr. Ma Wei Cheng (အထွေထွေအတွင်းရေးမှူး၊ ပြည်သူ့ဝန်ထမ်းများစုပေါင်းသမဂ္ဂ- Amalgamated Union of Public Employees) ကပြောကြားပါသည်။

(၅) PSD က "ဝန်ကြီးဌာနများမှ သီးခြားအဖွဲ့အစည်းများဖြစ်ကြသော အစိုးရ ဘုတ်အဖွဲ့များသည် ၎င်းတို့၏ဝန်ထမ်းလစာများကို နိုင်ငံ့ဝန်ထမ်းလစာနှုန်း ထားများအား ကိုးကား၍ သတ်မှတ်နိုင်ကြသော်လည်း ၎င်းတို့ကိုယ်ပိုင်နှုန်း များဖြင့်သာ သတ်မှတ်ကြကြောင်း " ပြောကြားပါသည်။[10]

(ဂ) **ထိုင်းနိုင်ငံ**

(၁) ထိုင်းအစိုးရသည် ဝန်ထမ်းများလူနေမှုအဆင့် ပိုမိုမြင့်မားလာစေရန် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနှင့်ပုဂ္ဂလိကဝန်ထမ်းများအကြား ကွာဟချက်ကို ဖြည့်ဆည်းရန်လည်းကောင်း baht ၁၆.၈ သန်း (US$ 511727.1) အား ဝန်ထမ်းများလစာတိုးမြှင့်ရေးအတွက် ချန်လှပ်ထားပါသည်။

(၂) နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးသည် အမျိုးသားတည်ငြိမ်အေးချမ်းရေး ကောင်စီ၏ ဦးစားပေးလုပ်ငန်းများမှ တစ်ခုဖြစ်ပြီး လစာနည်းသောဝန်ထမ်း များ ငွေကြေးအခက်အခဲကြောင့် အဂတိလိုက်စားမှုမှ လွတ်မြောက်စေရန် အတွက် ဖြစ်ပါသည်။ [11]

(၃) အောက်တိုဘာ (၁) ရက်နေ့မှစတင်၍ နောက်ကြောင်းပြန် သတ်မှတ်ပေးခဲ့ သဖြင့် ဝန်ထမ်း (၃) သိန်းအား တစ်လလျှင် အနည်းဆုံးလစာ ၁၀၀၀၀ baht (US$ 304.6) ရရှိမည်ဖြစ်ပြီး အစိုးရအား Budget နှစ် တစ်နှစ်လုံးအတွက်

[10] Mr. Charissa Yong, ၂၀၁၄ခုနှစ် စက်တင်ဘာလ ၁ ရက်, Civil service raises pay to keep pace with market , available from: http://news.asiaone.com/news/singapore/civil-service-raises-pay-keep-pace-market#sthash.sTfmOLqZ.dpuf/[accessed3January 2015]

[11] Wichit Chantanusornsiri, bangkokpost, Civil servants set for pay rise , (17-11-2014) , available from: http://www.bangkokpost.com/business/news/443725/workers-set-for-pay-rise/[ accessed 3 January 2015]

baht ၁.၅ သန်း (US$ 45689.9) ကုန်ကျမည်ဖြစ်ပါသည်။[12] လစာနည်းသော ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးကို ၁၅၀၀ baht မှ ၂၀၀၀ baht ထိ တိုးမြှင့်လိမ့်မည်ဖြစ်၍ ဝင်ငွေ ၁၂၂၈၅ baht (US$ 374.2) ထက်ပိုရသော ဝန်ထမ်းများအား ၅၀၀ baht မှ ၁၀၀၀ baht တိုးမြှင့်မည်ဖြစ်ပြီး ဝန်ထမ်းများ၏ လစာသည် ၁၃၂၈၅ baht (US$ 404.7) ထက်မပိုစေရပါ။ အပိုထောက်ပံ့ကြေးမရသော အလယ်အလတ်အဆင့်ဝန်ထမ်းများနှင့် C7 အဆင့်ဝန်ထမ်းများသည် ၄ ရာခိုင်နှုန်း တိုးမြှင့်ရရှိမည်ဖြစ်ပါသည်။ လက်ရှိရာထူးတွင် အမြင့်ဆုံးနှစ်တိုး ရရှိပြီးသောဝန်ထမ်းများအား လစာကို ၁၀ ရာခိုင်နှုန်း ရရှိရန် သတ်မှတ်ပေးထားသည်။ ၁.၉၈ သန်းခန့်သော နိုင်ငံဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် ဧပြီလ တွင် လစာတိုးမြှင့်မည်ဖြစ်ပါသည်။[13]

(၄) "ထိုင်းနိုင်ငံ၏ကုန်စည်များထုတ်လုပ်ခြင်းသည် စွမ်းအားအပြည့်ထုတ်လုပ်နိုင်ခြင်းမရှိသေးခြင်းနှင့် ဘဏ်အတိုးနှုန်းသည်လည်း မပြောင်းလဲဘဲရှိနေသေးခြင်းကြောင့် စီးပွားရေးသည် အပြည့်အဝပြန်လည်နံလန်ထူလာခြင်း မရှိသေးပါ။ ငွေကြေးဖောင်းပွမှုနှုန်းသည် လစာငွေတိုးမြှင့်ပြီးသည့် နောက်ပိုင်းတွင် အနည်းငယ်မျှသာ သက်ရောက်မှုရှိပါသည်။ ပြည်သူ့ဝန်ထမ်းများ၏လစာငွေကို တိုးမြှင့်ခြင်းဖြင့် ဝန်ထမ်းများ၏ဝယ်နိုင်စွမ်းအားကို တိုးမြှင့်ပေးသောကြောင့် ထိုင်းနိုင်ငံ၏စီးပွားရေးကိုပို၍ လျှင်မြန်စွာ ပြန်လည်ဦးမော့လာစေလိမ့်မည်" ဟု Ms. Ampawan Pichalai (ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)က ပြောကြားပါသည်။ ယခုနှစ်ဝက်နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂.၄ မှ ၂.၅ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ရှိလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။[14]

---

[12] Vietnam, Thai civil servants receive more allowances, 20/11/2014 ,available from: http://en.vietnamplus.vn/Home/Thai-civil-servants-receive-more-allowances/201411/58232.vnplus/[accessed 4 January 2015]

[13] Wichit Chantanusornsiri, bangkokpost, Civil servants set for pay rise , (17-11-2014) available from: http://www.bangkokpost.com/business/news/443725/workers-set-for-pay-rise/[accessed 5 January 2015]

[14] **MCOT.net, Inflation will rise slightly after increasing civil service salaries,** Aug 8, 2014

Available from: http://www.mcot.net/site/content?id=53e48281be04700a338b45d8#.VKoVDHvkorU/[accessed 5 January 2015]

(ဃ) **ဗီယက်နမ်နိုင်ငံ**

(၁) ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် Mr. Nguyen Tan Dung (ဝန်ကြီးချုပ်) သည် ဗီယက်နမ်နိုင်ငံ၏လူဦးရေ(၅)သန်းနီးပါးရှိသည့် လစာအုပ်စု(၃)အုပ်စုဖြစ်သော ပင်စင်စားများ၊ ဗီယက်နမ်တော်လှန်ရေးတွင်ပါဝင်ခဲ့သူများနှင့် လစာနှုန်းထား အဆင့် (၂.၃၄) ထက်နိမ့်ကျသော နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၅ခုနှစ် ဇန်နဝါရီ လ (၁) ရက်နေ့မှ စတင်၍ လုပ်ခကြေးငွေများ တိုးမြှင့်ပေးရန်အစီအမံကို အတည် ပြုခဲ့ပါသည်။ ထိုအစီအမံကို လွှတ်တော်တွင် တင်သွင်းပြီး အတည်ရယူကာ လာမည့်နှစ်ဘတ်ဂျက်တွင် ဗီယက်နမ်ဒေါင် ၁၁.၁ထရီလီယံ (US$ ၅၂၂သန်း) ကိုထည့်သွင်းလျာထားမည် ဖြစ်ပါသည်။ ထိုလခစားများအနေဖြင့် လက်ရှိရရှိ နေသော လစာ၏ (၈) ရာခိုင်နှုန်း တိုးမြှင့်ခံစားရမည်ဖြစ်ပြီး ပျမ်းမျှခြင်းအား ဖြင့် အလုပ်သမားတစ်ဦးသည် တစ်လလျှင် ဗီယက်နမ်ဒေါင် ၂၄၀,၀၀၀ (US$ ၁၁.၃) တိုးမြှင့် ရရှိသွားမည်ဖြစ်ပါသည်။

(၂) သို့သော် လွှတ်တော်သို့ ထိုအစီအမံအား တင်ပြခဲ့ရာ အစိုးရအဖွဲ့မှ ရသုံး ခန့်မှန်းခြေစာရင်းရေးဆွဲရာတွင် အခက်အခဲတွေ့ရသဖြင့် လုပ်ခကြေးငွေ တိုးမြှင့်ခြင်း အစီအစဉ်ကို ဆိုင်းငံ့ထားရန် လွှတ်တော်သို့ တောင်းဆိုခဲ့ပါသည်။

(၃) လွှတ်တော်အမတ်အချို့က “လုပ်အားခနှုန်းတိုးမြှင့်မှုကို ယခင်စီမံထားသည့် အတိုင်းမဆောင်ရွက်နိုင်ပါက အစိုးရအဖွဲ့သည် ဝင်ငွေနည်းသောနိုင်ငံ့ဝန်ထမ်း များအတွက် လခတိုးမြှင့်ခြင်းနှင့် ပင်စင်လစာတိုးမြှင့်ခြင်းများကို ယာယီ အစီအမံအဖြစ် ဆောင်ရွက်သင့်ပါသည် ”ဟုပြောကြားခဲ့ပါသည်။

(၄) Mr. Dang Ngoc Tung (ဥက္ကဋ္ဌ၊ ဗီယက်နမ်အထွေထွေအလုပ်သမားအစည်း အရုံး)က “အနိမ့်ဆုံးလစာတိုးမြှင့်မှုနှေးကွေးနေရခြင်းသည်မဖြစ်သင့်ကြောင်း၊ လုပ်အားခများတိုးမြှင့်ပေးနိုင်ရန် မလိုအပ်သော ကုန်ကျစရိတ်များအား ဖြတ်တောက်ပစ်သင့်ကြောင်း၊ ပြည်သူများသည် ၎င်းတို့၏အနိမ့်ဆုံးဝင်ငွေကြောင့် အသက်ရှင်ရေးခက်ခဲခဲ့လျှင် ၎င်းတို့အား ဆန့်ကျင်သော တုန့်ပြန်ချက်ကို အစပျိုးပေး လိုက်ခြင်းပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ”ပြောကြားခဲ့ပါသည်။

(၅) ထိုတုန့်ပြန်ချက်များ ပေါ်ထွက်လာပြီးနောက် ဝန်ကြီးဌာနသည် အထက်ပါ အစီအစဉ်အတိုင်းအုပ်စု (၃)စု၏လစာငွေကို တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။[15]

(၆) ၁၀-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်၌ ၂၀၁၅ အတွက် နိုင်ငံဘဏ္ဍာခန့်မှန်းချက်အား လွှတ်တော်မှမဲခွဲဆုံးဖြတ်ရာ ၈၈.၁၃ ရာခိုင်နှုန်းဖြင့် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ အထက်ပါအုပ်စု (၃)စုဖြစ်သည့် ဝန်ထမ်းများသည် ၎င်းတို့ရရှိနေသောလစာ၏ (၈) ရာခိုင်နှုန်းတိုးမြှင့်ရရှိမည်ဖြစ်ပါသည်။ [16]

(၇) Mr. Nguyen Thi Lan Huong (ညွှန်ကြားရေးမှူး၊အလုပ်သမားဘာသာရပ်နှင့်လူမှုရေးရာသိပ္ပံ)က "ပြည်သူ့ဝန်ထမ်းများသည် လစာငွေလက်ရှိထက် ပိုမိုရရှိသင့်ပါသည်။ နိုင်ငံတော်အနေနှင့်နိုင်ငံတော်ယန္တယားကိုပြင်ဆင်ပြီး ဝန်ထမ်းဦးရေကို လျှော့သင့်ပါသည်။ အများပြည်သူနှင့် သက်ဆိုင်သော အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကိုကိုယ့်ဝင်ငွေဖြင့်ကိုယ်ရပ်တည်သည့်စနစ်ကျင့်သုံးသည့်ဌာနခွဲများအဖြစ်သို့ ပြောင်းလဲသင့်ပါသည်။ စာသင်ကျောင်းများ၊ ဆေးရုံများတွင် တာဝန်ထမ်းဆောင်ကြသောဝန်ထမ်းများအတွက် အစိုးရသည် ကိုယ်ပိုင်ဝင်ငွေဖြင့်ရပ်တည်စေသည့်မူဝါဒကိုကျင့်သုံးသင့်ပါသည် "ဟုပြောကြားပါသည်။[17]

(င) **အင်ဒိုနီးရှားနိုင်ငံ။** ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့က ဂျကာတာ၌ ကျင်းပခဲ့သော အခွန်ဆိုင်ရာဒါရိုက်တာအဖွဲ့အစည်းအဝေးမိန့်ခွန်းတွင် Mr. Chairul Tanjung (စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး)က "၂၀၁၅ ခုနှစ် နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရာရှိစစ်သည်များ၏ လစာများကို ၆ ရာခိုင်နှုန်း အထိတိုးမြှင့်ပေးရန် အစိုးရက စီစဉ်နေ

---

[15] Tuoitrenews**, Talk Vietnam, Vietnam to raise minimum wage for three groups in 2015, 2014 November 7 ,**

Available from: http://www.talkvietnam.com/2014/11/vietnam-to-raise-minimum-wage-for-three-groups-in-2015/[accesed 7 January 2015]


[16] Chinhphu, **Talk Vietnam, State budget estimate for 2015 passed, 11 November 2014, available from: http://www.talkvietnam.com/2014/11/state-budget-estimate-for-2015-passed/[accessed 7 January 2015]**

[17]Vietnam News,Pay rises needed to motivate workers , 4-11- 2014 , available from: http://vietnamnews.vn/opinion/262322/pay-rises-needed-to-motivate-workers.html/[accessed 7 January 2015]

ပါသည်။ ယင်းနိုင်ငံ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရာရှိစစ်သည်များ၏ လစာများသည် ငွေကြေးဖောင်းပွမှုများကို ကာမိရုံသာ တိုးပေးခြင်းဖြစ်ပြီး လစာတိုးမြှင့်မှုသည် ငွေကြေးဖောင်းပွမှု ၄.၄ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်မှုကို ကာကွယ်ရန်ရည်ရွယ်ပါသည်။ လာမည့်နှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဆိုပါက တိုးမြှင့်လစာနှင့် ငွေကြေးဖောင်းပွမှုသည် ၁ ရာခိုင်နှုန်းသာကွာဟမည်ဖြစ်ပြီး လစာတိုးမြှင့်ရေးမူဝါဒများသည် ဝန်ထမ်းများ၏သက်သာချောင်ချိရေးကို ရည်ရွယ်ပါသည်။ အကယ်၍ လစာမတိုးဘဲလာမည့်နှစ်တွင် ငွေကြေးဖောင်းပွမှု ၅ ရာခိုင်နှုန်းသို့ တိုးလာမည်ဆိုပါက ၎င်းတို့၏ဝင်ငွေများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် နေထိုင်မှု အသုံးစရိတ်များအဖြစ်သာ ကုန်သွားမည်ဖြစ်ပါသည် ”ဟုပြောကြားခဲ့ပါသည်။[18]

**နိုင်ငံအချို့၏ ပြည်သူ့ဝန်ထမ်းလစာနှင့် ပတ်သက်သော သုံးငွေများကို GDP နှင့် နှိုင်းယှဉ်ဖော်ပြချက်**

၃။ နိုင်ငံအချို့၏ ပြည်သူ့ဝန်ထမ်းလစာနှင့် ပတ်သက်သော သုံးငွေများကို GDP နှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဇယားဖြင့် တင်ပြအပ်ပါသည်-




19

* မျှော်မှန်းစာရင်း

** ၂၀၁၀ ခုနှစ် ပျမ်းမျှအမှန်

---

[18] GANGSAR PARIKESIT, TEMPO.CO, Salaries of Civil Servants to Increase by 6% in 2015 , 18 August 2014 , available from: http://en.tempo.co/read/news/2014/08/18/055600389/Salaries-of-Civil-Servants-to-Increase-by-6-in-2015/[accessed 5 January 2015]

[19] IMF Article IV Consultation Country Reports, www.imf.org

**နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်မှုနှင့်စပ်လျဉ်းသောပညာရှင်များ၏ ထင်မြင်ချက်များ**

၄။ နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်မည့် ကိစ္စနှင့်စပ်လျဉ်း၍ အဘက်ဘက်မှ ထင်မြင်ချက် အမျိုးမျိုးအား တင်ပြအပ်ပါသည်-

**(က) ဒေါက်တာမောင်အောင်(အငြိမ်းစားစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** က အောက်ပါအတိုင်းပြောကြားခဲ့ကြောင်း (၁၆-၁၂-၂၀၁၄) ရက် နေ့ထုတ် ကြေးမုံ သတင်းစာ တွင်ဖော်ပြထားပါသည်-

(၁) ဝန်ထမ်းများအားလစာတိုးပေးခြင်းဖြင့် ဝန်ထမ်းတိုင်းသည်နေထိုင်စားသောက်မှုပြည့်စုံသည်ဆိုပါလျှင် လာဘ်ပေးလာဘ်ယူပြုလုပ်မည် မဟုတ်ကြောင်း၊

(၂) အစိုးရယန္တယားကြီးတစ်ခုလုံးကို အကောင်အထည်ဖော်မည်ဆိုလျှင်အရည်အသွေးရှိသောအစိုးရဝန်ထမ်းများရှိမှသာလျှင်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊

(၃) အစိုးရဝန်ထမ်းများကို လစာတိုးရန်မှာလည်း ၎င်းတို့အား အာမခံချက်ပေးနိုင်သော အဆင့်တစ်ခုထိ ဆွဲတင်ပေးရမည်ဖြစ်ကြောင်း၊

(၄) နိုင်ငံတော်ဘက်မှကြည့်လျှင် သာမန်အသုံးစရိတ်ကိုတိုးမည်ဆိုပါလျှင် ငွေလုံးငွေရင်း အသုံးစရိတ်အား လျှော့ရမည်ဖြစ်ကြောင်း၊

(၅) မည်သည့်နိုင်ငံတွင်မဆို အစိုးရ ရငွေများတွင် အခွန်အကောက်ရငွေသည် အများဆုံးပါကြောင်း၊ ဥရောပနိုင်ငံများတွင် ၅၀ ရာခိုင်နှုန်း (သို့) ၆၀ ရာခိုင်နှုန်း ရှိပါကြောင်း၊

(၆) စီးပွားရေးလုပ်ငန်းများသည် မှန်မှန်ကန်ကန် အခွန်ဆောင်မည်ဆိုပါလျှင် GDP နှင့်အခွန်ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းထိ သိသိသာသာ မြင့်တက်လာမည် ဟု ထင်ပါကြောင်း၊

(၇) နိုင်ငံတော်၏မူဝါဒပိုင်းတွင်အဓိကထုတ်လုပ်မှုလုပ်ငန်းများပို၍ ထုတ်လုပ်နိုင်ရန်အားပေးပါကထုတ်လုပ်မှုများလာလျှင်ဈေးအလိုလိုကျလာမည်ဖြစ်ကြောင်း၊[20]

**(ခ) ဦးစောနိုင်(အသုံးချဘောဂဗေဒ၊ စီးပွားရေးပညာရှင်)**က အောက်ပါအတိုင်း ပြောကြားခဲ့ကြောင်း Democracy Today သတင်းစာ တွင်ဖော်ပြထားပါသည်-

[20] ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း (၁၆-၁၂-၂၀၁၄) ရက်နေ့ စာမျက်နှာ၆ ကြေးမုံသတင်းစာ၊ လစာတိုးမြှင့်မှုနှုန်းနှင့်ကုန်ဈေးနှုန်းလှုပ်ခတ်မှု ကြောင်းကျိုးဆက်စပ်မှုရှိပါသလား/[accessed 1 January 2015]

(၁) ဂန်ထမ်းများအားလစာတိုးပေးမည်ဆိုသော မူဝါဒတစ်ရပ်မချခင်မှာ မည်သည့်အတွက်ကြောင့် ဂန်ထမ်းများ၏ လစာကို တိုးပေးမှာလဲ၊ ထိုသို့တိုးပေးလိုက်လျှင် မည်သို့ဖြစ်လာမည်နည်း၊ လစာတိုးပြီးနောက် ပေါ်ပေါက်လာမည့်ကုန်ဈေးနှုန်းမြင့်တက်မှုကိုမည်သို့ထိန်းမလဲစသည်တို့အားအဖြေရှာရန်လိုအပ်ကြောင်း၊

(၂) အဖြေရလျှင် လစာတိုးမည့်အတွက်ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ဦးစွာဖယ်ရှားရန်လိုအပ်ကြောင်း၊

(၃) ထို့မှသာ ဂန်ထမ်းမဟုတ်သော အခြေခံလူတန်းစားသည် ကုန်ဈေးနှုန်းဒဏ်ကို မခံရမည်ဖြစ်ကြောင်း၊[21]

**(ဂ) ဦးဝင်းအောင်(The Republic Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI)**က အောက်ပါအတိုင်း ပြောကြားခဲ့ကြောင်း (၁၆-၁၂-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ တွင်ဖော်ပြထားပါသည်-

(၁) အလွှာအသီးသီးတွင်စားဝတ်နေရေးသည်အလွန်အရေးကြီးပါသည်။ စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အားလုံးအတွက် မိသားစုတစ်စု ရပ်တည်နေနိုင်ရေးအတွက် ဝင်ငွေလိုအပ်ပါသည်။

(၂) လစာများပေးနိုင်ရန်အတွက်စီးပွားရေးလုပ်ငန်းများ၊ရေရှည်တည်တံ့ရပ်တည်နိုင်ရန်မှာလည်း အရေးကြီးပါသည်။

(၃) သတ်မှတ်သော အချိန်ကာလတစ်ခုအတွင်းတွင် ကုန်ထုတ်စွမ်းအားပို၍မြှင့်တင်နိုင်လျှင် မိမိရရှိမည့်လုပ်ခလစာ အကျိုးရခွင့် ပိုမိုရရှိနိုင်မည်ဖြစ်သည်။

(၄) လုပ်ဆောင်ရမည့်အပိုင်းများမှာ ဘက်စုံအများကြီးလုပ်ရမည်ဖြစ်ပြီး နေ့ချင်းညချင်း ဖြစ်ကောင်းမှဖြစ်လိမ့်မည်။ အားလုံးဟန်ချက်ညီအောင်လုပ်ဆောင်ရမည်။ ဘက်စုံစဉ်းစားရမှာက ကြိုးစားလျှင် ရနိုင်ပါသည်။[22]

## နိဂုံး

၅။ တင်ပြပါ စာတမ်းတွင် နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ခြင်းဖြင့် အကျိုးသက်ရောက်မှုများအခြေအနေကို ASEAN နိုင်ငံ (၅) နိုင်ငံ၏ ဝန်ထမ်းများလစာတိုးမြှင့်ခြင်း၏ ရလာဒ်ကောင်းများ

---

[21] သူရိန် Democracy Today သတင်းစာ၊ လစာတိုးတိုင်း ကုန်ဈေးနှုန်းမတက်အောင်ဘယ်လိုလုပ်မလဲ ၊ စာမျက်နှာ ၁၆ ၊15 Dec 2014၊ [ accessed 2 Januray 2015]

[22] ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း (၁၆-၁၂-၂၀၁၄) ရက်နေ့ စာမျက်နှာ၁၆ ကြေးမုံသတင်းစာ၊ လစာတိုးမြှင့်မှုနှုန်းနှင့်ကုန်ဈေးနှုန်းလှုပ်ခတ်မှု ကြောင်းကျိုးဆက်စပ်မှုရှိပါသလား/[accessed 1 January 2015]

ဖြစ်ပေါ်မှု အခြေအနေများ အတွေ့အကြုံ သင်ခန်းစာများကို အခြေခံ၍ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ ငွေကြေးဆိုင်ရာမူဝါဒများဖြင့် ချိန်ထိုးဆောင်မည့် အခြေအနေများအား တင်ပြအပ်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com